**OFFICE OF THE SUPREME HEADQUARTER**
**KAREN NATIONAL UNION**
**KAWTHOOLEI**
www.karennationalunion.net

# ဗမာ့တပ်တော်သည် ကရင်ပြည်သူလူထုများကို အကာအကွယ်အဖြစ် အသုံးပြုခြင်းနှင့် ပါတ်သက်၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ကြေငြာချက်

**နေ့စွဲ - ၂၆၊ ၅၊ ၂၀၁၁**

မြန်မာစစ်အစိုးရသည် စစ်ယူနီဖောင်းချွတ်၍ အရပ်သားအစိုးရအဖြစ် ပြောင်းလဲအုပ်ချုပ်သော်လည်း တိုင်းရင်းသားပြည်သူလူထုများအပေါ် စစ်အုပ်ချုပ်မှုနှင့် စစ်အာဏာကြီးစိုးမှုသည် ပြောင်းလဲခြင်းမရှိသည့်အပြင် နိုင်ငံတကာ ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများကိုပါ ဆက်လက်ကျူးလွန်လျက်ရှိနေပါသည်။

၂၀၁၁ခုနှစ်, ဧပြီလ(၂၄)ရက်နေ့တွင်, မြန်မာစစ်တပ် ခလရ(၉၆) တပ်ဖွဲ့သည် နေရာအပြောင်းအလဲ ပြုလုပ်နေစဉ်အတွင်း ဖာပွန်ခရိုင်, မယ်ဝေရွာမှ အသက်(၂၆)နှစ်နှင့် (၄၀)ကြား အမျိုးသမီး (၇)ဦးနှင့် အမျိုးသား(၁)ဦး အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်၍ အကာအကွယ်အဖြစ် အသုံးပြုခဲ့သည်။ ထိုအမျိုးသမီးထဲမှာ (၃)နှစ်နှင့် (၂)နှစ်အရွယ် ကလေးငယ်နှစ်ဦးပါဝင်ခဲ့သည်။ တစ်နေ့တည်းတွင်, ဖာပွန်ခရိုင်, ထိုဖိုးဒိုးရွာတွင် တပ်မ(၁၁), ခမရ(၂၁၄) တပ်ရင်းမှူး မောင်မင်းလှသည်, ခေါ်ပူမှ, (၁၆)မိုင်အထိ တစ်အိမ်လျှင်ဆန်(၅)အိတ် ထမ်းကူပေးရမည်ဟု အဓမ္မလုပ်အားပေးတောင်း သောအခါ ရွာသားများငြင်းဆန်သောကြောင့် ရွာသားများ၏ ယာခင်း(၂၉)ခင်း မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။ဤသို့ ယာခင်းများ ဖျက်ဆီးခံရခြင်း သည် ရွာသားများအတွက်ရှေ့ရေးဘဝရပ်တည်မှုနှင့် လုံခြုံမှုအတွက်အလွန်မှုစိုးရိမ်ဖွယ်ရာဖြစ်သည်။

ဤသို့သော မြန်မာစစ်တပ် အဓမ္မခိုင်းစေမှုမျိုးသည် ခရိုင်တိုင်းမှာ ရှိသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှစ၍ ဧပြီလကုန်ထိ လေးလအတောအတွင်း ခရိုင်(၅)ခုအတွင်း အဓမ္မပြုခံရသော ရွာသားပေါင်း (၂၀၅၁)ဦး, ထိုအထဲမှာ အမျိုးသမီး (၁၂၂၀) ဦးပါရှိသည်။ သူတို့ကို စစ်တပ်အကာအကွယ်အဖြစ်အသုံးပြုခံရခြင်းနှင့် မိုင်းရှင်းလင်းပေးခြင်းတို့ဖြစ်သည်။ ဤသို့သော အဓမ္မခိုင်းစေမှုမျိုးကြောင့် ကောကရိတ်မြို့နယ်အတွင်း, အသက်(၃၅)နှစ်အရွယ် အမျိုးသမီးတစ်ဦး မြေမြုပ်မိုင်းနင်းမိခဲ့ရသည်။ ထို့အတူ ရွာသား(၇)ဦး အပြစ်မဲ့ အသတ်ခံခဲ့ရသည်။

စစ်ကာလအတောအတွင်း, ရွာသားများ၊ အမျိုးသမီးများအပါအဝင် ကလေးငယ်များကိုပါ အဓမ္မခိုင်းစေခြင်းနှင့် သူတို့၏ ဘဝလုံခြုံမှုအတွက် ခြိမ်းခြောက်ခံနေရသောကြောင့် ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံးအနေနှင့် စိုးရိမ်မိပါသည်။

စစ်မြေပြင်အတွင်း အပြစ်မဲ့ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများ အပါအဝင် ကလေးငယ်များကိုပါ စစ်တပ် အကာအကွယ်အဖြစ်အသုံးခြင်းနှင့် မိုင်းရှင်းလင်းပေးခြင်းတို့ကြောင့် ကေအဲန်ယူ-အနေနှင့် မြန်မာစစ်အစိုးရ စစ်ရာဇဝတ်မှုကျူးလွန်နေကြောင်း သတ်မှတ်သည်။

အမျိုးသမီးများနှင့် ကလေးငယ်များကို စစ်တပ်အကာအကွယ်အဖြစ် အသုံးခံနေရသောကြောင့် နိုင်ငံတကာရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများကိုပါ ကျူးလွန်နေသောကြောင့် ကမ္ဘာ့ကုလသမ္မဂအဖွဲ့ဝင်နိုင်ငံများနှင့် ဒီမိုကရေစီနိုင်ငံများကိုပါ မြန်မာစစ်အစိုးရခေါင်းဆောင်များ၏ လူမဆန်သော လုပ်ရပ်များကို ရပ်တန့်ရန် ပြင်းထန်သောအရေးယူမှုများ ပြုလုပ်ပြီးတစ်ချိန်တည်းမှာပင် မြန်မာပြည်အတွက် အမြန်းဆုံး စုံစမ်းရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းပေးပါရန် KNU-ကရင်အမျိုးသားအစည်းအရုံးအနေနှင့် အလေးအနက် တောင်းဆိုပါသည်။

ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်

ဆက်သွယ်ရန်- ၀၈၄၃၈၁၆၆၆၄